ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန
တနင်္သာရီတိုင်းဒေသကြီး၊ကော့သောင်းခရိုင်၊ဘုတ်ပြင်းမြို့



# ကွမ်းသီး စိုက်ပျိုး
# ဝင်ငွေတိုး
# နှင့်
# ကွမ်းသီးပင်အကြောင်း
# တစေ့တစောင်း



ဦးထိန်လင်း၊ဒု-လ/ထ-ဦးစီးမှူး
စိုက်ပျိုးရေးဦးစီးဌာန၊ဘုတ်ပြင်းမြို့

ရက်စွဲ - ၈.၁၂.၂၀၂၀

**ကွမ်းသီးနှင့်ပတ်သက်သည့်ဆောင်ပုဒ်များ**

“ ကွမ်းသီး တောင်ငူ　　တံတားဦးကာကွမ်းနုဝါ
ငမြာကဆေး　　စစ်ကိုင်းထုံးဖြူ
ပြည်က ရှား　　ဝါးလို့သာထွေး ”

**“ လူဦးမင်း၏ ကွမ်းဖွဲ့ဆောင်ပုဒ်တွင်လည်း မှတ်သားဖူးပါသည်။”**

“ ကြက်တူးရွေး　　အာခေါင်နီ
ကွမ်းကလပ်ကိုချီ　　မချီပါနဲ့ကိုကြက်တော
ဘကြီးလာမှပြော” ဟု

**“ ဆိုထားခြင်းကြောင့် ကွမ်းသီးကိုရှေးမြန်မာမင်းတို့လက်ထက်ကပင် နှစ်ခြိုက်စွာ စားသုံးခဲ့ကြသည်မှာ ထင်ရှားနေပါသည်။”**

# ကွမ်းသီးပင် ( BETEL NUT )

| | | |
|---|---|---|
| မြန်မာအမည် | - | ကွမ်းသီး |
| အင်္ဂလိပ်အမည် | - | BETEL NUT |
| ရုက္ခဗေဒအမည် | - | ***Areca catehu*** |
| မျိုးရင်း | - | Arecaceae |
| မူရင်းဒေသ | - | မာလာယုကျွန်းဆွယ်၊မလေးရှားဒေသ |
| မြေချဉ်ဓါတ် | - | pH (5-5.5) |
| မိုးရေချိန် | - | နှစ်စဉ်ပျမ်းမျှ (၇ဝ-၁၅ဝ)လက်မကြား |
| အပူချိန် | - | ၂၈-၃၂ ဒီဂရီစင်တီဂရိတ် |
| ပင်လယ်ရေမျက်နှာပြင် | - | ပေ (၃ဝဝဝ) ခန့် |
| မြေအမျိုးအစား | - | ရေစီးရေလာစီးဆင်း စုပ်ယူထိန်းသိမ်းနိုင်စွမ်းအားကောင်း၊ နုံးတင်မြေနု၊ ရွှံ့စေးဆန်သောနုံးမြေ၊ |

# ရည်ရွယ်ချက်

- တစ်ကြိမ် ရင်းနှီးစိုက်ပျိုးခြင်းဖြင့် နှစ် (၃၀) ကျော်အထိ ဝင်ငွေရရှိနိုင်ကြောင်း သိရှိရန်
- ကွမ်းသီးတစ်ပင်လုံး၏ တန်ဖိုးရှိ အသုံးဝင်ပုံများကို သိရှိစေရန်၊
- ကွမ်းသီးပင်အား ကြားသီးနှံဖြင့် ရောနှောစိုက်ခြင်းဖြင့် ဝင်ငွေတိုးစေသည့် ရာသီပေါ် နှစ်ရှည်သီးနှံဖြစ်သည့်အတွက် တောင်သူများအနေဖြင့် စနစ်တကျ စိုက်ပျိုးသင့်ကြောင်း သိရှိစေရန်

# ကွမ်းသီးပင် စိုက်ပျိုးခြင်း

## မျိုးရွေးချယ်ခြင်း(အသီးအနေအထား)





(၁)**အိုးပေါက်ကွမ်းသီး (အလုံးဝိုင်း)**

အလုံးကြီးအခွံအထူအလေးချိန်ပေါ့(နေလှန်းချိန်ကြာမြင့်)၊အစေ့တွင်းအဖြူရောင်အသားပါဝင်မှုများ၊မျိုးညှော်သန္ဓေလောင်းကြီး၊အစို့ပေါက်လွယ်၊အဆိမ့်ဓါတ်ပါဝင်မှုများ၊အသီးအရေအတွက်နည်း(၈၀မှ၁၀၀)ခန့်၊

(၂)**ချည်ဝင်ကွမ်းသီး (အလုံးရှည်)**

ကြက်ဥပုံသဏ္ဍာန်ရှိခြင်း၊အလုံးဆိုဒ်ညီညာမှုရှိခြင်း၊အသီးအရေအတွက်များ၊သန္ဓေလောင်းဖွံ့ဖြိုး၊အသားဖြူပါဝင်မှုအသင့်အတင့်၊အဖန်ဓါတ်ပါဝင်မှုအနည်းငယ်ရှိ၊

# မျိုးရွေးချယ်ခြင်း(အပင်အနေအထား)





(၁)**အပင်ပုမျိုး**

- အပင်သက်တမ်း (၄) နှစ်၊ အပင်အမြင့် မြေပြင်မှ ၂ပေခွဲ တွင် အသီးသီး၊
- အသီး(၃) ခိုင်၊တစ်ခိုင်ပါအသီးလုံးနည်း
- စီးပွားရေးတွက်ခြေမကိုက်
- အလှစိုက်ပျိုး

(၂)**အပင်ရှည်မျိုး**

- အပင်သက်တမ်း(၄)နှစ် ၊အပင်အမြင့် (၆) ပေ တွင် အသီးသီး၊
- အသီးခိုင်(၉-၁၁)ခိုင်၊တစ်ခိုင်ပါသီးလုံးများ
- စီးပွားရေးတွက်ခြေကိုက်

# ပျိုးထောင်ခြင်း(၂) မျိုး၊

## ပျိုးခင်းမြေနေရာရွေးချယ်ခြင်း

- မြေပြင်ညီညာပြန့်ပြူးသောနေရာ၊ ရေအစိုဓါတ်ရှိသည့်နေရာ၊ နေကျအရိပ်ရသည့်နေရာ၊
- လူနှင့်နီးသောနေရာ၊သယ်ယူပို့ဆောင်မှုလွယ်ကူသောနေရာ

(၁)**ပျိုးအိတ်ဖြင့်ပျိုးထောင်ခြင်း**







**(၂) မြေပေါ်တိုက်ရိုက်မျိုးစေ့ချ အညှောင့်ဖောက်ပျိုးထောင်ခြင်း**

- ရွေးချယ်ထားသောမျိုးစေ့များ မြေပြင်ပေါ်တွင် စီချ၍ အပေါ်မှကွမ်း လက်များဖြင့် ဖုံးအုပ်ထားခြင်း

**မျိုးစေ့ရွေးချယ်ခြင်း**

- အပင်သက်တမ်း(၂၀)ခန့်ရှိသော
- ပင်စည်လုံးပတ်ကြီးထွား၍ကျန်းမာသန်စွမ်းသောအပင်
- အသီးခိုင် (၅-၇) ခိုင်
- တစ်ခိုင်ပါ သီးလုံးရေ (၁၀၀-၁၈၀)ကျော်
- အလုံးအရွယ်အစားတူညီ (မကြီးလွန်း၊မသေးလွန်း)
- အစေ့အဆံကြီး၍ အခွံပါးသောမျိုး
- အစေ့တွင်း အဖြူရောင်အသားပါဝင်မှုများ
- မျိုးညှောင့်သန္ဓေလောင်းကြီးထွားရန်လို

**မျိုးလိုအပ်ချက်**

- (၁)ဧကအတွက် အပိုဆောင်းပါပြီးမျိုးစေ့မျိုးညှောင့် (၅၀၀)ခန့်လို
- ပျိုးအိတ်မျိုးပင်(၃၅၀)ခန့်

# စိုက်ခင်းမြေနေရာပြင်ဆင်ခြင်း

- တောကြီးအောက်သား/အပင်ကြီးလှဲ/မီးတားလမ်းဖေါက်/ မီးရှို့/ ကျွန်းခွေ
- ဝါးခုတ်/ဝါးခွဲ/ပန္နက်ချွန်
- ထိုလုပ်ငန်းစဉ်အား နိုဝင်ဘာလမှ‌ပြေီလအပြီးဆောင်ရွက်ရန်





# ပန္နက်ရိုက်ခြင်း




- ပင်ကြား၊တန်းကြားအကွာအဝေး သတ်မှတ်ရမည်။
- နည်းမျိုးစုံအသုံးပြုနိုင်သည်။
-(၈×၆)ပေ(သို့)(၁၀×၁၀)ပေ(သို့)(၁၂×၁၂)ပေ စိုက်ပျိုးကြပြီး (၁၂×၁၂)ပေသည် အသင့်တော်ဆုံးဖြစ်သည်။
- ပန္နက်ရိုက်၍စိုက်ကျင်းများတူးဖော်ခြင်းအား (မေလ)အပြီးဆောင်ရွက်ရမည်။

## ရွှေ့ပြောင်းစိုက်ပျိုးခြင်း

စိုက်ပျိုးခြင်းလုပ်ငန်းအား(ဇွန်လ၊ဇူလိုင်လ)အတွင်း ဆောင်ရွက်သင့်ပြီးအပင်နှင့်အမြစ်များ ထိခိုက်မှု မရှိစေရန် ဂရုစိုက်ရမည်။





# ကွမ်းသီးဖြစ်ထွန်းရာဒေသနှင့် မြေအနေအထား

-ပင်လယ်ရေမျက်နှာပြင်အထက်ပေ(၁၀)ကျော်တွင် စတင်စိုက်ပျိုးနိုင်

-ပင်လယ်ရေမျက်နှာပြင်နှင့် မိုင်(၂၀၀)ဝန်းကျင်အတွင်း

-မြေဆီသြဇာအလွန်ထက်သန်သောမြေမျိုး (ဥပမာ- ချောင်းနံ့ဘေး၊ တောင်ကြား၊ ကမ်းပါးနံ့ဘေး၊ စိမ့်စမ်းကောင်းသောနေရာ၊ နုံးမြေ)







## ကွမ်းသီးအား အပင်ပြုစုစောင့်ရှောက်ခြင်း

- အပင်စတင်စိုက်ပျိုးပြီး ဒုတိယနှစ်မှစ၍ အပင်ပြုစုရန်
- နှစ်စဉ် တောထွင်/ တောခုတ်/ အဝိုင်းရှင်း/ အစာကျွေး/ ဘောင်လုံး
- နှစ်စဉ် မိုးဦးတစ်ကြိမ်၊ မိုးနှောင်းတစ်ကြိမ်ပြုလုပ်ရန်
- ပေါင်းသတ်ဆေးအသုံးပြုမှုအား ရှောင်ကြဉ်ရန်
- မြက်ဖြတ်စက်အား/ လူအားသာ အသုံးပြုရန်

## ကွမ်းသီးခြံအား မီးတားလမ်းနှင့်ကုန်ထုတ်လမ်းများဖောက်လုပ်ရန်

- ခြံဘေးပတ်ပတ်လည်၌မီးတားလမ်းပြုလုပ်ရန်အရေးကြီး(၈')အကျယ်ခန့်
- သယ်ယူပို့ဆောင်မှုအဆင်ပြေလွယ်ကူချောမွေ့စေရန်ကားလမ်း(သို့) ဆိုင်ကယ်လမ်းများဖောက်လုပ်ရန်(၈' )(သို့)(၁၀')ခန့်အကျယ်
- တောင်စောင်းဥယျာဉ်ခြံဖြစ်ပါက လူသွားလမ်းများဖောက်လုပ်ရန် (၂')အကျယ်ခန့်

# ကွမ်းသီးနှင့်ကြားသီးနှံတွဲဘက်စိုက်ပျိုးခြင်း အကျိုးကျေးဇူးများ







# ကွမ်းသီးခူးဆွတ်ရိတ်သိမ်းခြင်း

-မြေဆီသြဇာထက်သန်မှုရှိပါက အပင်သက်(၄-၅)နှစ်တွင် ပန်းစတင်ပွင့်၊ မြေညံ့လျှင် (၇- ၈) နှစ် မှသာ သီးနိုင်၍ အပင်သက်တမ်း(၇-၃၀)နှစ်အတွင်း ကွမ်းသီးလှိုင်လှိုင်ထွက်ရှိသည်။ သက်တမ်း(၃၀)နှစ်ကျော်လွန်ပါက အထွက်နှုန်းလျော့ကျသည်။

- အသီးခူးသည့်အခါ ကြွေကျသည်အထိ စောင့်ရန်မလိုအပ် (ဝါ မှ နီ သို့ကူပြောင်းခါစ ) တွင် ခူးဆွတ်ပြီး တလင်းသို့သယ်ယူ၍ နေလှန်းရမည်။





# ကွမ်းသီးပင်အားဖျက်ဆီးတတ်သော တိရိစ္ဆာန်များ

- ဆင်၊ ပွေး၊ ကြွက်၊ ရှဥ့်၊ ဖြူ







# ရောဂါ

- ရောဂါကျရောက်မှုမရှိသလောက်နည်းပါး
- စိုထိုက်စများသောဒေသများတွင် တစ်ခါတစ်ရံမှုိရောဂါကျရောက်နိုင်

# ကွမ်းသီး တစ်ဧကကုန်ကျစရိတ် နှင့် ဝင်ငွေ

| | | |
|---|---|---|
| စတင်စိုက်ပျိုးသည်  မှ ခူးဆွတ်ချိန်အထိ တစ်ဧကကုန်ကျငွေ | = | ၁၄၉၆၄၀၀ိ/- |
| (၇)နှစ်ခြောက် ကွမ်းသီးတစ်ပင် အထွက်နှုန်း | = | ၂.၈၀ ပိဿာ |
| ကွမ်းသီးတစ်ဧက အထွက်နှုန်း(၃၀၂ ပင် x ၂.၈ပိဿာ) | = | ၈၄၅ ပိဿာ |
| (၇)နှစ်ခြောက် ကွမ်းသီးပင် ဝင်ငွေ | = | ၃၃၈၀၀၀၀ိ/- |
| ( ပေါက်စျေး တစ်ပိဿာ ၄၀၀၀ကျပ်နှုန်း) | | |
| စတင်ခူးဆွတ်ချိန် အသားတင်ဝင်ငွေ | = | ၁၈၈၃၁၀၀ိ/- |
| (၇)နှစ်သားနောက်ပိုင်း တစ်ဧက နှစ်စဉ်ဝင်ငွေ | = | ၃၁၇၁၀၀၀ိ/- |

# အကြံပြုသုံးသပ်ချက်နှင့်လေ့လာတွေ့ရှိမှုများ

- နေရာဒေသမရွေး စိုက်ပျိုးသင့်သော သီးနှံဖြစ်သည်။
- တစ်ကြိမ်ရင်းနှီးစိုက်ပျိုးခြင်းဖြင့် နှစ်(၃၀) ကျော်ထိဝင်ငွေရရှိသည်။
- အခြားသီးနှံများနှင့်တွဲဖက်စိုက်ပျိုး၍ ဝင်ငွေ(၂)ဆ ရရှိနိုင်သည်။

## ကွမ်းသီးပင်အသုံးဝင်ပုံ

- သက်တမ်းလွန်အပင်များအား ပြစ်ချရန်မလို၊ အပင်ထိပ်ဖူးအား ကြော်/လှော်၊ အတို/အမြုပ်၊ ဟင်းချိုလုပ်နိုင်၊ ကွမ်းလက်အတွင်းဘက်သားဖတ်ချောအားဆေးလိပ်ပြုလုပ်နိုင်၊ အတွင်းဘက်အသားကြမ်းအား ခမောက်ပြုလုပ်နိုင်၊

- **“ ပင်စည်ခုတ်လဲ လေးခြမ်းခွဲ၍၊ အလယ်အူနုတ် အကြောသပ်ခါ အခင်းအကာ မျှားတန်း ၊ တံပိုးထမ်းနှင့် လေးကိုင်တို့ပါပြုလုပ်နိုင်တာ”**











5
12
10
8
6
4
4


ကျေးဇူးအထူးတင်ရှိပါသည်။